FORTIFY RIGHTS

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး(ICC)အနေဖြင့် ရိုဟင်ဂျာအရပ်သားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် ရက္ခိုင့်တပ်တော်ကို စုံစမ်းစစ်ဆေးကာ ကျူးလွန်သူများအား တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်

## လက်နက်ကိုင်အဖွဲ့မှ မောင်တောရှိ ကလေးငယ်များအပါအဝင် ရိုဟင်ဂျာအရပ်သားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအကြောင်းကို အသက်ရှင်ကျန်ရစ်သူတွေက အသေးစိတ် ပြန်လည်ပြောကြားသည်

(ကော့ဘဇား၊ ဩဂုတ်လ ၂၇ရက်၊ ၂၀၂၄ ခုနှစ်) — အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သည် ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သော  ရက္ခိုင့်တပ်တော် (AA) မှ ကျူးလွန်ခဲ့သည့် ရိုဟင်ဂျာအရပ်သားအစုလိုက်အပြုံလိုက်အား သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးသင့်သည်ဟု Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ ICC သည် ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာများအပေါ် အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်စေမှုနှင့် အခြားသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် စီရင်ပိုင်ခွင့်ရှိထားပြီးဖြစ်ပြီး၊ AA ၏ မကြာသေးမီက ရိုဟင်ဂျာအရပ်သားများအပေါ် တိုက်ခိုက်မှုများအား ICC ၏ လက်ရှိစုံစမ်းစစ်ဆေးနေမှုများထဲက တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက်စစ်ဆေးနိုင်ရမည်ဖြစ်သည်။

Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအသစ်တွင် AA မှ ဩဂုတ်လ ၅ ရက်နှင့် ၆ ရက်နေ့တို့၌ ထွက်ပြေးတိမ်းရှောင်နေရသော ရိုဟင်ဂျာအရပ်သားများအားလုံးကို သိမ်းကျုံးကာ မဆင်မခြင် မမျှမတ တိုက်ခိုက်ခဲ့သည်များနှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ ရိုဟင်ဂျာများ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်များကို မှတ်တမ်းတင်ထားသည်။

*"ဗိုလ်ချုပ်ထွန်းမြတ်နိုင်နဲ့ တခြားရက္ခိုင့်တပ်တော် ခေါင်းဆောင်တွေဟာ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို မဖြစ်မနေလုံးဝ တားဆီးရမှာဖြစ်သလို ICC အနေဖြင့် ရိုဟင်ဂျာအရပ်သားတွေကို ရခိုင်ပြည်နယ်ကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အတင်းအကြပ်ပို့တဲ့ ပြစ်မှုကို ကျူးလွန်တဲ့ ဘယ်အဖွဲ့ဳကိုမဆို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုဖို့ အကန့်အသတ်မရှိ စီရင်ပိုင်ခွင့်ရှိနေပြီဆိုတာကို အသိပေးထားသင့်ပါတယ်။"* ဟု Fortify Rights မှ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ *"အရပ်သားပြည်သူတွေကို မဆင်မခြင်၊အချိုးကျမှုမရှိဘဲ မတရားတိုက်ခိုက်မှုတွေအတွက် လွတ်ငြိမ်းခွင့်၊ ဆင်ခြေပေးခွင့်ဆိုတာမရှိပါဘူး။ အရပ်သားတွေအပေါ် အခုလိုမျိုးတိုက်ခိုက်မှုမှာ တာဝန်ရှိတယ်လို့ သိရှိရတဲ့ ရက္ခိုင့်တပ်တော် အုပ်ချုပ်သူအရာရှိများအား ပြစ်မှုဆိုင်ရာဥပဒေအရ တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်လုပ်ဆောင်သင့်ပါတယ်။"*

ဩဂုတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေတို့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက်၌ ဒရုန်းများဖြင့် ဗုံးကျဲတိုက်ခိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးရန် ကြိုးပမ်းသည့် ရိုဟင်ဂျာ အမျိုးသမီးများ၊ ကလေးငယ်များနှင့် အမျိုးသားအယောက်တစ်ရာကျော် သေဆုံးခဲ့ရသည်။ ရိုဟင်ဂျာမျက်မြင်သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူများအရ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် နတ်မြစ်ကမ်းနံဘေးမှာ စုရုံးနေတဲ့ ရိုဟင်ဂျာအရပ်သား ထောင်နဲ့ချီတဲ့ လူအုပ်ကြီးကို မော်တာလက်နက်တွေနဲ့ ဒရုန်းတွေနဲ့ ဩဂုတ်လ ၅ ရက်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု သိရှိရသည်။ နောက်တစ်နေ့ ဩဂုတ် ၆ ရက်တွင်လည်း မောင်တောမြို့နယ်ထဲတွင်ပင် နယ်စပ်တလျှောက် ထွက်ပြေးလာသော ဒါဇင်နဲ့ချီသည့်  ရိုဟင်ဂျာအရပ်သားများကို AA စစ်သားများမှ သေနတ်နဲ့ ပစ်သတ်ခဲ့ပါသည်။



*Map Analysis.Click to enlarge. ©Fortify Rights, 2024*

၂၀၂၄ ခုနှစ် ဧပြီလမှ စတင်၍ Fortify Rights သည် ရခိုင်ပြည်နယ်အတွင်း မကြာသေးမီကဖြစ်ပွားခဲ့သည့် အရပ်သားများအပေါ် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ရိုဟင်ဂျာအရပ်သား ၂၃ ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ဩဂုတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့တို့၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများနှင့် သတ်ဖြတ်မှုများတွင် ရိုဟင်ဂျာအမျိုးသမီး၊ ကလေးများနှင့် အမျိုးသားများ၏ ရုပ်အလောင်းများကို ပြသထားသည့် ပွင့်လင်းရင်းမြစ် ဗီဒီယိုနှင့် ဓာတ်ပုံအထောက်အထားများကိုလည်း Fortify Rights မှ ပြန်လည်သုံးသပ်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ မြန်မာနိုင်ငံရှိ ညီနောင်လက်နက်ကိုင်အဖွဲ့သုံးဖွဲ့၏ မဟာမိတ်အဖွဲ့ဖြစ်သော AA သည် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဒီမိုကရေစီလိုလားသော တော်လှန်ရေး၏တစိတ်တပိုင်းအဖြစ် မြန်မာစစ်ကောင်စီထံမှ ပိုင်နက်နယ်မြေများ သိမ်းပိုက်ရယူနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် AA သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာများ အများစု နေထိုင်ရာ ဘူးသီးတောင်မြို့နယ်၏ အစိတ်အပိုင်း အများအပြားကို

သိမ်းပိုက်ခဲ့သည်။ AA တပ်ဖွဲ့ဝင်များက သိမ်းပိုက်စဉ်အတွင်း ရိုဟင်ဂျာအများစုနေထိုင်သော အကြီးဆုံးမြို့ဖြစ်သည့် ဘူးသီးတောင်မြို့လယ်ခေါင်တခွင်လုံးရှိ မြေနှင့်အိမ်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည်ကို မျက်မြင်တွေ့ခဲ့သူ ရိုဟင်ဂျာ ၁၀ ဦးအား Fortify Rights မှ တွေ့ဆုံမေးမြန်းခဲ့သည်။

## ရိုဟင်ဂျာ လက်နက်ကိုင်များသည် AA ကို ဆန့်ကျင်တိုက်ခိုက်ရန် မြန်မာစစ်ကောင်စီနှင့် ပေါင်းစည်းခဲ့သည်။

ဘူးသီးတောင်တွင် မြို့သိမ်းယူမှုနှင့် မီးရှို့ဖျက်ဆီးမှုအပြီးတွင် AA သည် ယင်းအချိန်က မြန်မာစစ်ကောင်စီနှင့် ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ (RSO) အပါအဝင် မဟာမိတ် ရိုဟင်ဂျာစစ်အဖွဲ့အစည်းများထိန်းချုပ်မှုအောက်တွင် ရှိခဲ့သော အိမ်နီးချင်း မောင်တောမြို့နယ်ကို စတင်ထိုးစစ်ဆင်ခဲ့သည်။ စစ်အာဏာရှင်နှင့် RSO တို့သည် ရိုဟင်ဂျာ တပ်သားများ သစ္စာခံသည့် အသွင်ကူးပြောင်းမှုကို ကိုယ်စားပြုသည့် မောင်တောမြို့တစ်ဝိုက်တွင် ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်နေကြောင်း ကိုယ်တွေ့သက်သေများမှတစ်ဆင့် Fortify Rights က သက်သေဖော်ထုတ်ခဲ့သည်။

“RSO နဲ့ စစ်ကောင်စီတို့ဟာ နေ့ခင်းဘက်မြင်ကွင်းမှာတင် အပြန်အလှန်ဆက်သွယ်မှုတွေနဲ့ လှုပ်ရှားနေကြပါတယ်” ဟု မောင်တောမြို့နယ်မှ အသက် ၄၄ နှစ်အရွယ် ရိုဟင်ဂျာတစ်ဦးက ပြောသည်။ “စစ်ကောင်စီနဲ့ RSO တို့ဟာ AA ကို ဆန့်ကျင်ပြီး ပြန်တိုက်နေကြတာ။”

၎င်းအမျိုးသားသည် RSO ခေါင်းဆောင်များနှင့် အကြိမ်ပေါင်းများစွာ တိုက်ရိုက်ထိတွေ့ဖူးပြီး Fortify Rights သို့ ပြောကြားရာတွင် စစ်ကောင်စီက RSO ကို “မြို့မကန်ညင်တန်းရပ်ကွက်တွင် သုံးထပ်တိုက် အဆောက်အဦးတစ်ခုပေးခဲ့ပြီး RSO အား စစ်ကောင်စီမှ ၎င်းတို့၏ရုံးအဖြစ် သုံးရန်ပေးအပ်ခဲ့ကြောင်း" ပြောပြခဲ့သည်။ RSO သည် ရိုဟင်ဂျာတို့အား လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် မြန်မာစစ်ကောင်စီတပ်နှင့်ပူးပေါင်းခဲ့သည်ကို ဒေသခံ ရိုဟင်ဂျာလူမျိုးများက မေးခွန်းထုတ်ခဲ့ကြောင်းနှင့် RSO သည် အသစ်တွေ့ရှိခဲ့သော သစ္စာခံမှုကို ဗျူဟာကျကျပူးပေါင်းမှုတစ်ခုလို ပုံသွင်းနေသည်ဟု ၎င်းက ဆိုသည်။

သက်သေထွက်ဆိုချက်များအရ၊ RSO အဖွဲ့ဝင်များသည် စစ်ကောင်စီနှင့် ပေါင်းစည်းကာ လိုက်လျောညီထွေရှိနေမှုနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုကို ရှောင်ရှားရန် တစ်ခါတစ်ရံတွင် ၎င်းတို့အဖွဲ့အစည်းအား "မောင်တောပြည်သူ့စစ်အဖွဲ့"ဟုလည်း ရည်ညွှန်းပြောဆိုကြသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် Fortify Rights ၏ ယခင်စုံစမ်းစစ်ဆေးမှုအရ RSO အပါအဝင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာဒုက္ခသည်များကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် အတင်းအကျပ်ဖမ်းဆီးခံရသူများကို မြန်မာနိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး လူမျိုးတုံးသတ်ဖြတ်မှုတွင် တာဝန်ရှိသည့် မြန်မာစစ်ကောင်စီတပ်နှင့် ပူးပေါင်းရန် စေခိုင်းခဲ့ကြောင်း၊ ရိုဟင်ဂျာတွေအပေါ် ဤလုပ်ရပ်များသည် စစ်ဥပဒေများကို ချိုးဖောက်မှုမြောက်နိုင်ပြီး လူကုန်ကူးမှုအတိုင်းအတာအထိ ဖြစ်စေသည်။

*"မြန်မာစစ်ကောင်စီက ရိုဟင်ဂျာတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုစတေးပြီး သူတို့ရဲ့သွေးခွဲအုပ်ချုပ်မှုနည်းပရိယာယ်ကို ကြံစည်အားထုတ်နေတာဖြစ်ပါတယ်"* ဟု Matthew Smith က ပြောသည်။ *"AA က အခုလို ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့နဲ့ စစ်အာဏာရှင်တို့ ပူးပေါင်းတိုက်ခိုက်နေတာကြောင့် ရိုဟင်ဂျာအရပ်သားတွေကို တိုက်ခိုက်ရတာပါဆိုတာမျိုး ဖြေရှင်းချက်ထုတ်လို့ မရဘူး။"*

ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးတန်းအရာရှိတစ်ဦးနှင့် Fortify Rights ကတွေ့ဆုံမေးမြန်းပြောကြားချက်အရ AA မှ ရိုဟင်ဂျာအရပ်သား သောင်းနှင့်ချီစုစည်းနေထိုင်သော မောင်တောမြို့ပေါ်သို့ ချီတက်လာသောကြောင့် ဇွန်လနှင့် ဇူလိုင်လများ၌ မောင်တောမြို့ပေါ် အနီးတစ်ဝိုက်ရှိ ရိုဟင်ဂျာအရပ်သားများ ၎င်းတို့ကျေးရွာများမှ ထွက်ပြေးလာကြသည်။ ထိုအချိန်တွင် AA သည် အဆိုပါ နယ်မြေကို နေ့စဉ် ပစ်ခတ်ခဲ့ပြီး အိုးမဲ့အိမ်မဲ့ ရိုဟင်ဂျာ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်းကို -

> AA သည် ပန်းတောပြင်နှင့် ပေါင်းဇား ကျေးရွာတို့ကို ထိန်းချုပ်၍ အခြေစိုက်ပြီး ရခိုင်၏အလယ်ဗဟိုပိုင်းမှ ၎င်းတို့၏ တပ်ဖွဲ့များကို အင်အားဖြည့်တင်းခဲ့သည်။ အမြောက်နှင့် မော်တာကျည်များကဲ့သို့သော လက်နက်ကြီးများဖြင့် မောင်တောမြို့လယ်သို့ စတင်ပစ်ခတ်ခဲ့သည်။ AA သည် မြောက်ဘက်ခြမ်းမှ ပေါင်းဇားနှင့် ရွာသစ်တို့တွင် ၎င်းတို့၏ လက်နက်များ တပ်ဆင်ထားသည်။ ... ၎င်းတို့သည် Kilai Daung (ဒူချီးယာတန်း သို့မဟုတ် ဒူချီးရာတန်း ဟုလည်းလူသိများသော) ရွာတွင် လက်နက်ကြီးများ တပ်ဆင်ထားသည်။ မြို့ထဲကို နေ့စဉ် ကျည် ၃၀၀ မှ ၄၀၀ ခန့် ပစ်ခတ်ကြသည်။ အထက်တန်းကျောင်း၊ ဆေးရုံ၊ ဈေးရေယာနှင့် အနီးနားရှိ နေအိမ်များမှ စုပြီးထွက်ပြေးလာသူများကို ရည်ရွယ်၍ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု သိရှိရသည်။

ဖယာဇီ ဖါရာ (Fayazi Fara) သို့မဟုတ် ဖေဇီရွာ(Fezi Ywa) ဟုလည်းခေါ်သော ရွာတွင် နေထိုင်သူ အသက် ၂၅ နှစ်အရွယ် ရီဟာန်မှ ၎င်းနှင့် အခြားများစွာသော အရပ်သားတွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေရန် တိုက်ခိုက်မှုများက မည်ကဲ့သို့ တွန်းအားပေးခဲ့ကြောင်း Fortify Rights သို့ ပြောကြားခဲ့သည်မှာ -

> ဩဂုတ်လ ၄ ရက်နေ့ကတည်းက AA က ကျွန်တော်တို့ရွာတွေမှာ ဒရုန်းဗုံးတွေ အများကြီး စကြဲတာကြောင့် ကျွန်တော်နဲ့ အခြားရိုဟင်ဂျာတော်တော်များများက ကျွန်တော်တို့ရွာတွေကိုစွန့်ပြီး ပြောင်းရွှေ့နေထိုင်ခဲ့ရတယ်။ ရွာတွေမှာ ရိုဟင်ဂျာအယောက် တစ်ရာလောက် သတ်ခံလိုက်ရပြီး ဒဏ်ရာတွေလည်း ရကြတယ်[ကျွန်တော်တို့ ထွက်မပြေးခင်]။ ဒရုန်းနဲ့ တိုက်ခိုက်ခံရတာကနေ လူတော်တော်များများ သေကုန်ကြတာမို့ ကျွန်တော်တို့အားလုံးလည်း ကိုယ့်ရွာကနေ ထွက်လာဖို့ ဆုံးဖြတ်ခဲ့တယ်။ AA က ဩဂုတ် ၄ ရက်နေ့မှာ စတင်ပစ်ခတ်ပြီး အဆက်မပြတ် တောက်လျှောက်ကို ပစ်ခတ်နေတော့တာပဲ။ ဩဂုတ်လ ၅ ရက်နေ့ တိုက်ခိုက်မှုတွေ ပိုတိုးလာတာနဲ့အမျှ ရွာသူရွာသားတွေလည်း ရာနဲ့ချီ ဒဏ်ရာအနာတရတွေ ရတာကို မြင်ခဲ့ရတယ်။ လူအယောက် ၂၀ - ၃၀ လောက် သေဆုံးခဲ့တယ်။ အဲ့ဒီအပြင် ဆရာဝန်လည်း မရှိတာကြောင့် ကျွန်တော်တို့ အားလုံး [နတ်မြစ်]ကမ်းစပ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြတယ်။

## ရခိုင်ပြည်နယ်တွင် ဩဂုတ် ၅ ရက်နေ့၌ ဒရုန်းနှင့် အမြောက် ပစ်ခတ်တိုက်ခိုက်မှုများ

ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် AA တပ်ဖွဲ့ဝင်များသည် မောင်တောမြို့ကို အင်အားအလုံးအရင်းဖြင့် ပြင်းပြင်းထန်ထန်ထိုးစစ်ဆင်ခဲ့ရာ မြန်မာစစ်ကောင်စီနှင့် RSO တို့မှာ ၎င်းတို့၏ တပ်ချထားရာကို စတင်စွန့်ခွာသဖြင့် မောင်တောမြို့ပြင်ရှိ ကျေးရွာအများအပြားမှ ရိုဟင်ဂျာများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ Fortify Rights မှ တွေ့ဆုံမေးမြန်းခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြီးတန်းအရာရှိတစ်ဦး၊ အခြားမျက်မြင်သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်အရ ရုတ်တရက်ကြောက်လန့်ချောက်ချားမှုတွေဝင်လာတာကြောင့် ရွှေ့ပြောင်းဒုက္ခသည်အများစုသည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ထွက်ပြေးရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရှိရသည်။

ညနေ ၅ နာရီမှ ၆ နာရီအချိန် ဩဂုတ်လ ၅ ရက်နေ့တွင် မောင်တောသုသာန်အနီး နတ်မြစ်တစ်လျှောက် ရိုဟင်ဂျာအရပ်သား အများအပြား စုရုံးကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လှေများဖြင့် ဖြတ်ကူးရန် စောင့်ဆိုင်းနေကြသည်။ AA က တပ်ချထားသည့် ပန်းတောပြင်၊ ရွှေဇားနှင့် မောင်နီကျေးရွာများမှ မော်တာကျည်များနှင့် ဒရုန်းများကို အသုံးပြုပစ်ခတ်ခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများက ပြောပြသည်။ အနည်းဆုံး ဒရုန်းနှစ်စီးပျံသွားပြီးနောက် ထွက်ပြေးသွားသော အရပ်သားပြည်သူများပေါ်သို့ ဗုံးများကြဲချခဲ့သည်။

Fortify Rights သည် ဩဂုတ် ၅ ရက်နေ့၏ တိုက်ခိုက်မှုတွင် အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေ ၁၃ ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။

ကမ်းစပ်ရှိ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုမှ အသက်ရှင်လွတ်မြောက်ခဲ့သူ ရီဟန်၏ ပြောကြားချက်အရ AA သည် ကမ်းခြေတွင် စုဝေးနေသော လူအုပ်အား စောင့်ကြည့်လေ့လာရန် ထောက်လှမ်းရေးဒရုန်းတစ်စီးကို ပထမဆုံး စေလွှတ်ခဲ့ပြီးနောက်မှာ လူအုပ်စုကြီးဆီသို့ ဗုံးကြဲတဲ့ ဒရုန်းများနှင့် အမြောက်ကျည်ဆန်ပစ်ခတ်မှုတို့ဖြင့် ကြီးမားသော တိုက်ခိုက်မှုကို စတင်ခဲ့ကြောင်း -

ရွှေဇားကနေ ဒရုန်းတစ်စီး ရုတ်တရက်ကြီး ပျံလာတယ်။ ကျွန်တော်လည်း အဲ့ဒရုန်း ဘာကိုလာကြည့်နေတာလဲမသိပေမယ့် [သူ့နေရာ] သူ ပြန်ပျံသွားတာတော့တွေ့တယ်။ အဲ့ဒီနောက် အခြားဒရုန်းတချို့ပါ ပျံလာပြီး ကျွန်တော်တို့ပေါ်ကို ဗုံးများ စတင်ကြဲတာပဲ။ အဲဒီ ဒရုန်းတွေက ရွှေဇာဘက်ခြမ်းကနေ လာတာ။ ရွာက ကျွန်တော်တို့ ရောက်တဲ့နေရာနဲ့ တစ်မိုင်လောက်ဝေးတယ်။ AA က အဲဒီရွာကို ထိန်းချုပ်ထားတာ။ အဲဒီဒေသမှာ စစ်ကောင်စီတွေ မရှိဘူး။ ဒရုန်းတွေ ရောက်လာပြီး စတိုက်ခိုက်ခံရတဲ့ ရိုဟင်ဂျာ အုပ်စုထဲမှာ ကျွန်တော်လည်း ပါတယ်။ ဒီဒရုန်းတွေက ကျွန်တော်တို့ကိုတော့ တိုက်ခိုက်မှာမဟုတ်ဘူးလို့ အရင်တွေးခဲ့တာ။ ပထမဆုံးဒရုန်း [စောင့်ကြည့်ခြင်းလုပ်ဆောင်ရန်] ရောက်လာပြီးတော့ ဒရုန်းတွေအများကြီးကို ထပ်လွှတ်ပြီး ကျွန်တော်တို့အပေါ် ဆက်တိုက် ဗုံးများကြဲချခဲ့တယ်။ ပြီးတော့ ရွှေဇားကျေးရွာကနေ မော်တာလက်နက်ကျည်အချို့နဲ့လည်း ပစ်ကြတယ်။ အဲဒီမော်တာလက်နက်တွေကြောင့် လူတော်တော်များများ ထိခိုက်ခဲ့ရတယ် ။

Fortify Rights မှထုတ်ဝေသောမြေပုံတွင် မျက်မြင်သက်သေအများအပြား၏အဆိုအရ AA ၏ထိန်းချုပ်မှုအောက်တွင် ရှိနေသော မောင်တောမြို့ရှိနေရာဒေသများ၊ စစ်အာဏာရှင်လက်အောက်ရှိ နယ်မြေများနှင့် ဒရုန်းများနှင့်တိုက်ခိုက်လာမှု၏ ဦးတည်ချက်များအရ  AA သည် သိသာထင်ရှားစွာ ငြိစွန်းနေပြီး မြစ်ကမ်းဘေးရှိ ရိုဟင်ဂျာအရပ်သားတွေကို အစုလိုက် သတ်ဖြတ်မှုမှာ တာဝန်ရှိကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။။

ထွက်ပြေးလာသော ရိုဟင်ဂျာအရပ်သားအဖွဲ့များတွင် RSO မှ လက်နက်ကိုင်အဖွဲ့ဝင်အချို့ပါဝင်နေသည်ကို  ရိုဟင်ဂျာအချို့က မျက်မြင်တွေ့ခဲ့ရသည်။ Fortify Rights မှ အကြီးတန်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အင်တာဗျူးတစ်ခုအရ RSO တာဝန်ရှိသူများသည် ဩဂုတ် ၅ ရက်နေ့ ညနေပိုင်းတွင် နတ်မြစ်ကိုဖြတ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လှေဖြင့်ထွက်ပြေးခဲ့သည်။ သို့သော်လည်း ကမ်းခြေတွင် စုဝေးရောက်ရှိနေကြသူအများစုမှာ တိုက်ပွဲတွေကနေ ထွက်ပြေးဖို့ ကြိုးစားနေကြသော အကြမ်းဖက်မှုကို ကြောက်ရွံ့တုန်လှုပ်နေမှုတွေ ကိုယ်တွေ့ကြုံခဲ့ရသူ ရိုဟင်ဂျာ အရပ်သားများဖြစ်ကြသည်။ AA သည် ကြီးမားသော တိုက်ခိုက်မှု မစတင်မီ ထောက်လှမ်းရေး ဒရုန်းတစ်စင်းကို ပထမဆုံး စေလွှတ်ခဲ့သည့် အချက်အရ အဆိုပါ အဖွဲ့သည်

ကလေးများနှင့် သက်ကြီးရွယ်အိုများ ပါဝင်သော အရပ်သားလူအုပ်ကြီးကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

မျက်မြင်သက်သေ၊ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာတစ်ဦးက Fortify Rights သို့ပြောကြားသည်မှာ -

> ဒရုန်းက တစ်ခါမကဘူး၊ နှစ်ခါလောက် [ခေါင်းပေါ်၌ ပျံသန်းနေသည်] ကို ကျွန်တော်မြင်ခဲ့တယ်။ ကျွန်တော်တို့နားမှာ လှေကြီးတစ်စင်းရှိတယ်။ AA က လှေကို ပစ်မှတ်ထားပြီး တိုက်ခိုက်တာ။ စစ်ကောင်စီ လက်နက်တွေ သယ်လာတယ် ထင်လို့ ပစ်ပေမယ့် လှေထဲမှာ ဘာမှမရှိဘူး။ လှေက အလွတ်ကြီး။ … ကျွန်တော်တို့လည်း မြန်မြန်လှုပ်ရှားဖို့ လိုတယ်။ … ဒရုန်းကနေ ဗုံးနှစ်လုံး ကြဲချတယ်။ ကျွန်တော့်ခေါင်းပေါ်မှာ ပျံနေတဲ့ ဒရုန်းကို မြင်လိုက်တယ်။ ကျွန်တော်တို့အနားမှာ စစ်ကောင်စီတပ် မရှိဘူး။ မောင်တောမြို့နယ် ရှူ့ဇာဖာရာ (ရွှေဇား) ရွာက လာတဲ့ AA ရဲ့ ဒရုန်းပဲဖြစ်ရမယ်။

ယင်းအသက်ရှင်ကျန်ရစ်သူသည် ဩဂုတ် ၅ ရက်နေ့တွင် "ရုပ်အလောင်း ၅၀ ကျော်" ကို တွေ့ရှိခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သည်။

အသက်ရှင်ကျန်ရစ်သူ အသက် ၂၅ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသမီးတစ်ဦးက "ကမ်းခြေမှာ လူသေအလောင်း ၁၀၀ လောက် တွေ့ခဲ့တယ်" ဟု ပြန်ပြောပြသည်။

ဩဂုတ် ၅ ရက်နေ့၏ တိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာတစ်ဦးဖြစ်သူ Fortify Rights က "ကျွန်တော် AA က ထိန်းချုပ်ထားတဲ့ ရှူ့ဇာဖာရာ (ရွှေဇား) ရွာဘက်ကနေ လာတဲ့ ဒရုန်းတွေ၊ မော်တာတွေ၊ အမြောက်တွေနဲ့ ပျံသန်းပစ်ခတ်နေတာကို တွေ့ခဲ့ရတယ်။ … အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်တို့ကို ကရုဏာတော်နှင့် ကယ်တင်တော်မူတယ်ပြောရမယ်။  ကျွန်တော်တို့နားက ရွှံ့တောထဲကို မော်တာဗုံးတစ်လုံးကျတယ်၊ ကံကောင်းချင်တော့ ဗုံးကမပေါက်လိုက်ဘူး"

ရခိုင်ပြည်နယ်တစ်ဝှမ်းရှိ ယင်းနယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများ၏ အခြားနေရာဒေသများတွင် မပေါက်ကွဲသေးသောလက်နက်များသည် အရပ်သားများကို အရေးကြီးသည့် ခြိမ်းခြောက်မှုဖြစ်စေကြောင်း Fortify Rights မှ ပြောကြားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်ဝင်ရောက်စွက်ဖက်မှုတစ်ခုအဖြစ် အာရုံစိုက်သင့်သည်ဟု Fortify Rights မှ ပြောကြားခဲ့သည်။

ဩဂုတ် ၅ ရက်နေ့တွင် AA က နေရာယူထားသည့် ပန်းတောပြင်နှင့် ရွှေဇားကျေးရွာများမှ မော်တာနှင့် အမြောက်များဖြင့် ပစ်ခတ်ကြောင်း မျက်မြင်သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူများက ထုတ်ဖော်ပြောကြားကြသည်။ အသက် ၂၄ နှစ်အရွယ်ရှိ ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးက -

> AA ရဲ့ဗုံးတွေက AA အခြေစိုက်ရာ ပန်းတောပြင်ကနေ ကျလာတာပါ။ ဒရုန်းဗုံးကြောင့် လူ ၂ ဦး သေဆုံးသွားတာကို တွေ့ခဲ့ရတယ်။ ဒရုန်းဗုံးကြောင့် ကျွန်မအိမ်နားက မိသားစုဝင်လေးယောက် ဒဏ်ရာရခဲ့ပေမယ့် သူတို့ ဒီကိုရောက်လာပြီး အခုဆေးကုသမှု ခံယူနေပါတယ်။

နောက်ထပ် အသက် ၂၀ အရွယ်ရှိ ရိုဟင်ဂျာ အသက်ရှင်ကျန်ရစ်သူက Fortify Rights အားပြောကြားသည်မှာ တိုက်ခိုက်မှုအပြီး နောက်တစ်နေ့ ဩဂုတ်လ ၆ ရက်နေ့မှာ ဖောက်ခွဲရေးလက်နက်တွေနဲ့ ပစ်ခတ်ခံရကာ သေဆုံးနေသည့် ရုပ်အလောင်းတွေကို တွေ့ခဲ့ရပါသည် ။ ၎င်းမှပြောကြားသည်မှာ– "တချို့ရုပ်အလောင်းတွေမှာဆို လက်တွေ၊ ခြေထောက်တွေ၊ ဦးခေါင်းတွေမရှိတော့ဘူး။ နေရာတိုင်းမှာ လူသေအလောင်းတွေကြီးပဲ။ အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ်တွေပါ ပါတယ်။ လူစုံ အရွယ်စုံအကုန်လုံးပဲ။"

ဩဂုတ် ၅ ရက်နေ့နှင့် ဩဂုတ် ၆ ရက်နေ့များတွင် နတ်မြစ်ကမ်းဘေး၌ သေဆုံးခဲ့ကြသည့် ရိုဟင်ဂျာအများစုမှာ ဒရုန်းနှင့် မော်တာပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြသော်လည်း ဩဂုတ် ၅ ရက်နေ့တွင် လူပြည့်ကျပ်နေသော လှေ အနည်းဆုံးတစ်စင်းသည် မော်တာကျည်ထိမှန်ကာ နစ်မြုပ်ခဲ့ပြီး အခြားလူများပြည့်ကျပ်နေသည့် လှေနှစ်စင်းမှာ ဩဂုတ် ၅ ရက်နေ့တွင် တစ်စင်းနှင့် ဩဂုတ် ၆ ရက်နေ့တွင် တစ်စင်း တိမ်းမှောက်၍ နစ်မြုပ်ခဲ့သည်။

FORTIFY RIGHTS

မောင်တောမြို့နယ်မှ အသက်ရှင်ကျန်ရစ်သူ တစ်ဦး၏ ပြောကြားချက်အရ ဩဂုတ် ၅ ရက်နေ့ ညနေပိုင်းက စက်လှေနှစ်စင်း နစ်မြုပ်ခဲ့ပြီး တစ်စီးမှာ ဒရုန်းဗုံးဖြင့် တိုက်ရိုက်ထိမှန်ခဲ့ပြီး ဒုတိယတစ်စင်းမှာ ဒရုန်းများဖြင့် လှေအနီးတွင် ဗုံးကြဲချသဖြင့် ခရီးသည်များ ထိတ်လန့်တကြားဖြစ်ကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ကလေးငယ်များအပါအဝင် လှေနှစ်စင်းပေါ် ရှိ ခရီးသည်အားလုံးနီးပါး ရေနစ်သေဆုံးသည်-

> AA က ရုတ်တရက်ကြီး ဒရုန်းဗုံးများကို လူအုပ်ပေါ်သို့ ပစ်ချလာပြီး လှေကို တိုက်ရိုက်သွားထိတယ်။ အဲ့ဒါကြောင့် လူနှစ်ဦးမှလွဲပြီး ကျန်တဲ့ ဘယ်သူမှ အသက်ရှင်ကျန်တဲ့သူမရှိဘူး။ အသက်ရှင်သူနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားတယ်။ တည်နေရာသည် ဖယာဇီ ဖါရာ (Fayazi Fara) သို့မဟုတ် ဖေဇီရွာ(Fezi Ywa)၏ အနောက်ဘက်ခြမ်းမှာ ဖြစ်ပါတယ်။ … AA က ဒုတိယမြောက်လှေအနီးမှာ ဒရုန်းဗုံးတွေအများကြီးကို ကြဲချခဲ့တယ်။ လူတွေ အထိတ်တလန့်နဲ့ ရုန်းရင်းဆန်ခက်ဖြစ်ပြီးတော့ လှေမှောက်သွားတယ်။

Fortify Rights မှ တွေ့ဆုံမေးမြန်းခဲ့သည့် အသက် ၄၄ နှစ်အရွယ်ရှိ ရိုဟင်ဂျာ အမျိုးသားတစ်ဦးမှ ဩဂုတ် ၆ ရက်နေ့တွင် လှေဖြင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ပုံကို ဖော်ပြခဲ့သည်။ ၎င်း၏ ကလေးငယ် ၅ ဦးစလုံး လှေတိမ်းမှောက်မှုကြောင့် နတ်မြစ်အတွင်း အခြားရေနစ်သူ ၃၀ ခန့်နှင့်အတူ ရေနစ်သေဆုံးသွားခဲ့သည်။ ဩဂုတ် ၅ ရက်နေ့၌ တိုက်ခိုက်မှုကြောင့် မြစ်ကမ်းစပ်တွင် လူသေအလောင်း ၁၀၀ ကျော်ကို တွေ့ခဲ့ရပြီး ဩဂုတ် ၆ ရက်နေ့တွင် ၎င်း၏မိသားစုသည် ကမ်းခြေ၌ လာရောက်ကယ်ဆယ်သည်ကို စောင့်ဆိုင်းနေစဉ် AA မှ လက်နက်ကြီးဖြင့် ပြင်းထန်စွာ ပစ်ခတ်သည်ကို ခံခဲ့ရသည်ဟု ၎င်းက ပြောသည်။

> ဩဂုတ်လ ၅ ရက်နေ့ ညနေ ၅ နာရီမှ ၉ နာရီအထိ (လက်နက်ကြီးကျတဲ့) နေရာမှာ [မြစ်]ကို ဖြတ်ကူးကြရတယ်။ အဲဒီမှာကျွန်တော် အလောင်းတွေ ၁၀၀ ကျော်လောက် တွေ့ခဲ့တယ်။ အလောင်းတွေက ကမ်းပေါ်မှာ ကာထားသော သံဆူးကြိုးအတွင်းဘက်နဲ့

FORTIFY RIGHTS

> အကျော်နားလောက်မှာ လဲလျက်သားဖြစ်နေတယ်။ လူတွေက လူသေအလောင်းတွေကို ဗီဒီယိုတွေရိုက်နေပေမယ့် ကျွန်တော်ကတော့ ကျွန်တော့ မိသားစုအပေါ် ပဲ အာရုံစိုက်နေရတာကြောင့် အလုပ်တွေရှုပ် ဗျာများနေခဲ့တယ်။ လူသေအလောင်းတွေက ခြေထောက်ပြတ်၊ အချို့ဆို လက်မပါတဲ့ အလောင်းတွေ၊ သွေးတွေလည်း ပေကျံနေတယ်။ သူတို့အားလုံးမှာ ဒဏ်ရာအနာတရတွေကြီးပဲ။

ရေပေါ်တွင် ဆိုးရွားသော အခြေအနေများကြောင့် ၎င်းတို့၏ လှေနစ်မြုပ်သွားပုံကို အဆိုပါ အမျိုးသားက ဖော်ပြခဲ့သည်။

> လှေက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အကြား နတ်မြစ်သို့ စထွက်တယ်။ မြစ်ထဲမှာ လှိုင်းတွေက တော်တော်ကြီးတယ်—ဒီရေကလည်း မိုးတွေ၊လေတွေနဲ့ အတူ တက်နေပြီ … လှေနစ်မြုပ်တဲ့ အချိန်က နံနက် ၁၁း၃၀ ပါ။ ကျွန်တော့်ကလေးနှစ်ယောက်ဖြစ်သူ အငယ်ဆုံးကလေးနဲ့ တတိယမြောက်ကလေးက ကျွန်တော်နဲ့ အတူရှိတယ်။ လှိုင်းလုံးတွေကြောင့်  ကျွန်ေတာ်က လှေရဲ့ပေနှစ်ဆယ်အကွာကို  မျောပါသွားတယ်။ ပထမဆုံး ကျွန်တော့်အငယ်ဆုံးကလေးကို ဆုံးရှုံးလိုက်ရတယ်။ တတိယမြောက်ကလေး ကျွန်တော့်သမီးလေးက ကျွန်တော်နဲ့ အတူရှိနေပြီး "အိုး .. ဘဘ [အဖေ]၊ သမီးကို ကယ်ပါဦး" လို့ပြောတယ်။ ကျွန်တော်လည်း ကျွန်တော့်သမီးကိုရော ကျွန်တော့်ကို ကျွန်တော် ပြန်ကယ်ဖို့အတွက် ရုန်းကန်နေရတယ်။; ဒီအချိန်မှာ ကျွန်တော် အရမ်းကို ခြေကုန်လက်ပမ်းကျနေပြီ။ နာရီဝက်လောက်ကြာတော့ လှေတစ်စီးက ကျွန်တော်တို့ကို လာကယ်တယ်။ ကျွန်တော် ကျွန်တော့်ကလေး [ငါးယောက်]အားလုံးကို ဆုံးရှုံးခဲ့ရတယ်။ … လှေနှစ်စင်းတွင် လူ အယောက် ၄၀ ကျော်ပါခဲ့ပေမယ့် ခုနစ်ဦးပဲ အသက်ရှင်တယ်။ ကျွန်တော့်မျက်စိရှေ့မှာတင် လူတွေရေနစ်သွားကြတာကို မြင်ခဲ့ရတယ်။

နောက်ဆုံးတွင် အဆိုပါအမျိုးသားသည် ၎င်းနှင့် ၎င်း၏ဇနီးဖြစ်သူအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်မည့် အခြားလှေတစ်စင်းကို တွေ့ရှိခဲ့ပြီး ၎င်း၏ဇနီးဝတ်ထားသည့် နောက်ဆုံးလက်ကျန်ရွှေများကို ပေးခဲ့သည်။

**ပစ်ခတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဩဂုတ် ၆**




*AA တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခံရသည့် အသက် ၁၀ နှစ်အရွယ် ရိုဟင်ဂျာ မိန်းကလေးငယ်သည် ဩဂုတ် ၆ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ကော့ဘဇားရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆေးရုံတွင် ဆေးကုသမှု ခံယူနေ*

ဩဂုတ် ၆ ရက်နေ့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အနီး၌ ၎င်း၏ ၁၀ နှစ်အရွယ် သမီး၊ ၈ နှစ်အရွယ် သားနှင့် ၎င်း၏ခယ်မတို့ကို AA စစ်သားများက ပစ်သတ်ခဲ့ကြောင်း အသက် ၃၅ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသားတစ်ဦးက ပြန်ပြောပြခဲ့သည်။ နတ်မြစ်ကမ်းအနီး။ အဆိုပါအမျိုးသားက "ခြားထားတဲ့ တံတိုင်းက နယ်ခြားစည်းရိုးနောက်လေးတင်ပါ။ ခြံစည်းရိုးက လမ်းမကြီးရဲ့ဘေးမှာ။"

မြန်မာစစ်ကောင်စီနဲ့ AA တို့ကြား တိုက်ပွဲတွေ ဖြစ်ပွားနေတာကြောင့် ရိုဟင်ဂျာအယောက် ၃၀ လောက်သည် ခြားထားတဲ့ တံတိုင်းတလျှောက် ပုန်းအောင်းနေခဲ့ရပုံကို ရှင်းပြခဲ့ပါတယ်။ "AA နဲ့ စစ်ကောင်စီတပ်ကြား တိုက်ပွဲတွေ ပြင်းထန်နေတဲ့အတွက် နားရွက်ကို လက်နှစ်ဖက်နဲ့ အုပ်ထားဖို့

သမီးကို ပြောခဲ့တယ်။ နာရီဝက်လောက်ကြာတော့ စစ်ကောင်စီတပ်တွေ မရှိတော့ဘူး၊ သူတို့ [စစ်ကောင်စီ စစ်သား] တွေက အဲဒီနေရာတစ်ဝိုက်ကနေ ထွက်ပြေးသွားကြတယ်။"

"[မြန်မာစစ်ကောင်စီစစ်သားတွေ အဲဒီနေရာကနေ ထွက်ပြေးပြီးနောက်ပိုင်း] AA က ရခိုင်ဘာသာစကားပြောပြီး ကျွန်တော်တို့ အနီးကို ရောက်လာတယ်" ဟု အဆိုပါ အမျိုးသားက Fortify Rights သို့ပြောသည်။ "သူတို့က ဒေါသတကြီးအော်ပြီး 'သူတို့ကို ရှင်းလိုက်တော့။ သူတို့က သောက်ရေးမပါတဲ့ မအေလိုးတွေ' လို့ အော်ဟစ်ပြီး ကျွန်တော်တို့အဖွဲ့ကို ပစ်သတ်ဖို့ လုပ်ကြတယ်။" ၎င်းမှ ဆက်လက်ပြီး -

> သူတို့က ကျွန်တော်တို့ရှေ့မှာတင် ရှိနေတာ။ ကျွန်တော်တို့က ကျည်ကွယ်အောင် နံရံတစ်ခုအနီးက မြေပြင်ပေါ်မှာ ဝမ်းလျားအနေအထားလဲနေတာ။ .... သူတို့တွေက[စစ်သားတွေ ] AA တွေလို ယူနီဖောင်းမျိုး ဝတ်ထားတယ်။ ကျွန်တော်သူတို့မျက်နှာနဲ့ ရင်ဘတ်တွေကို မြင်လိုက်ရတယ်။ AA ရဲ့လူ ခြောက်ယောက်ပါ။

AA မှ အရပ်သားများကို ပစ်ခတ်သောအခါတွင် အထက်ဖော်ပြပါ အမျိုးသားအား လက်ကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ၎င်း၏ အသက် (၁၀) နှစ်အရွယ် သမီးငယ်၏ လက်မောင်းကို ပစ်ခတ်ခြင်း၊ အသက် (၈) နှစ်အရွယ် သားဖြစ်သူနှင့် အရွယ်ရောက်ပြီးသူ ခယ်မတို့ကို ပစ်သတ်ခဲ့ခြင်းတို့ လုပ်ခဲ့သည်။ ၎င်း၏ သားဖြစ်သူ၏ ကြေကွဲဖွယ်သေဆုံးမှုအကြောင်း Fortify Rights အား အမျိုးသားက ငိုကြွေးကာ ပြောပြသည်မှာ "သေနတ်က သားလေးရဲ့ရင်ဘတ်ကို ထိသွားတာ။ သုံးချက်တောင် ပစ်ခံလိုက်ရတယ်။ ရင်ဘတ်ကို တစ်ခါ၊ ညာဘက်ခြေထောက်မှာ တစ်ခါ၊ လက်ကို တစ်ခါ။ ... ပထမကျည်ဆံ ထိတော့ သူ အော်ငိုတယ်။ အဲဒီအချိန်တုန်းက သူက ကျွန်တော့်ဘေးမှာ။ အဲ့လိုနဲ့ သားလေးရဲ့အသက်ဆုံးရှုံးခဲ့ရတယ်။ ကျွန်တော် သူ့လက်မောင်းကို ကိုင်ထားခဲ့တယ်။"

၎င်းနဲ့၎င်း၏သမီးရဲ့အသက်ကို စိုးရိမ်နေသော အမျိုးသားက Fortify Rights ကို ပြောကြားသည်မှာ -

“သူတို့ ကျွန်တော့်ကို ပစ်ပြီးတော့ ကျွန်တော် သေချင်ဟန်ဆောင်ခဲ့တယ်။ကျွန်တော့်သမီးကို “မငိုနဲ့” လို့ ပြောလိုက်တယ်။ ကျွန်တော့်သမီးကို“သမီးငိုရင် အဖေတို့ကို ပစ်သတ်မယ်” လို့ ပြောရတယ်… ကျွန်တော် AA တွေပြောသမျှ အားလုံးကို ကြားလိုက်တယ်။ ပြီးတော့ သူတို့ လူသေအလောင်းတွေ အနားရောက်လာတယ်။ … AA စစ်သားတစ်ယောက်က “သေဆုံးသူ ၁၉ ဦး ရှိတယ်” လို့ နောက်တစ်ယောက်ကို ပြောတယ်။”ဟူ၍ဖြစ်သည်။

Fortify Rights သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းမှ ဖွင့်လှစ်ထားသော ဆေးရုံတစ်ခုမှ ၎င်းကိုယ်တိုင် ဆန္ဒအရပေးသည့် ၎င်း၏ သေနတ်ဒဏ်ရာနှင့် ဆက်စပ်ရောဂါကုစက်မှုအတွက် ၎င်း၏ကုသမှုဆိုင်ရာ ဖော်ပြချက်တို့ ပါဝင်သည့် ဆေးမှတ်တမ်းများကို ပြန်လည်သုံးသပ်စစ်ဆေးခဲ့သည်။

၎င်းမှ သေချင်ယောင်ဆောင်နေချိန်တွင် AA စစ်သားများမှ ရိုဟင်ဂျာအမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခဲ့တယ်လို့ ယူဆရကြောင်းကို အမျိုးသားက ပြောပြသည်မှာ “အမျိုးသမီးတစ်ယောက်က 'ငါ့ကို ဒီလိုမလုပ်ပါနဲ့' လို့ အော်ဟစ်နေတာ နှစ်နာရီနီးပါးကြာတယ်။ ပြီးတော့ AA က တစ်ယောက်က 'သူမရဲ့လက်ကိုဖြတ်ပြီး ရင်သားကို ဖြတ်ပစ်လိုက်' လို့ပြောတယ်… ငါးမိနစ်လောက်ကြာတော့ နောက်ထပ် သေနတ်သံကို ကြားရတယ်။ အဲဒီ့နောက် အမျိုးသမီးရဲ့အသံကိုလည်း မကြားရတော့ဘူး။

နောက်ထပ် အသက်ရှင်ကျန်ရစ်သူ အသက် ၂၀ အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားနှင့် အထက်ပါ အမျိုးသား၏ ယောက်ဖတို့က ဩဂုတ် ၆ ရက်နေ့တွင် AA အဖွဲ့၏ အနီးကပ်ပစ်ခတ်မှုနှင့်ပတ်သက်၍ Fortify Rights သို့ပြောသည်။

[AA လာတဲ့အချိန်မှာ ကျွန်တော်တို့ ထွက်ပြေးကြတာ] ကျွန်တော်နဲ့ ကျွန်တော့်ညီလေးနှစ်ယောက်။ … ကျွန်တော်တို့တွေ နယ်စပ်ကို စောင့်ကြည့်ဖို့ ထားထားတဲ့ မီးလုံးကြီးတစ်ခုနားမှာ ပုန်းနေရတယ်။ ပုန်းနေတဲ့နေရာနဲ့ AA ပစ်ခတ်နေတဲ့နေရာက ဝါးလုံး ၁၅

ချောင်းစာလောက် လှမ်းတယ်။ ကျွန်တော် [ကျွန်တော့် ယောက်ဖ]နဲ့ သူ့သမီးရယ်၊ ကျွန်တော့်ညီမလေးရယ် ပုန်းနေတုန်းမှာ AA က ပစ်သတ်လိုက်တာကို မြင်လိုက်ရတယ်။ ဟုတ်ပါတယ်၊၊ သေနတ်ထဲကနေ ကျည်ဆန်တွေ ထွက်လာတာကို မြင်လိုက်ရတယ်။

“[နောက်တော့] ကျွန်တော်တို့ နတ်မြစ်ရေထဲကို လည်ပင်းနားမြုပ်တဲ့ အထိ ပြေးပြီး ပုန်းနေခဲ့ရတယ်” ဟု အဆိုပါ အမျိုးသားက ပြောသည်။ နောက်တော့ ၎င်းအမျိုးသားက ဘင်္ဂလားဒေ့ရှ်သို့ ကူးဖြတ်သွားခဲ့ပါတယ်။

ဩဂုတ်လ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် AA သည် ဩဂုတ်လ ၅ ရက်နေ့၏တိုက်ခိုက်မှုများအတွက် တာဝန်ရှိသည်နှင့် ပတ်သက်ပြီး ငြင်းဆိုခဲ့သည်– “သေဆုံးမှုတွေဟာ ကျွန်တော်တို့ ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ မဖြစ်ပွားခဲ့သလို ကျွန်တော်တို့ အဖွဲ့အစည်းနဲ့လည်း မသက်ဆိုင်ပါဘူး။” ဩဂုတ် ၁၇ ရက်နေ့တွင် AA ၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် က AA ၏ တာဝန်ဝတ္တရားများကို ထိရောက်စွာ ငြင်းဆိုထားသည့် အခင်းဖြစ်ပွားမှုအပေါ် ပဏာမအစီရင်ခံစာတစ်စောင်ကို အွန်လိုင်းတွင် ထုတ်ပြန်ကြေညာသော်လည်း AA သည် “မြို့နှင့် အခင်းဖြစ်ပွားရာနေရာကို သိမ်းပိုက်လိုက်သည့်အချိန်တွင် ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် ကတိကဝတ်ပြုခဲ့သည်။

**နိုင်ငံတကာဥပဒေမူဘောင်**

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ(ခေါ်)စစ်ဥပဒေများသည် ရခိုင်ပြည်နယ်ရှိ ပါတီအားလုံး၏ ပဋိပက္ခသာမကပဲ နိုင်ငံတကာမဟုတ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ဖြစ်ပေါ်စေသည့် မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်များပြားသောပဋိပက္ခများသက်ဆိုင်ပါသည်။ အထူးသဖြင့် ဂျီနီဗာကွန်ဗင်းရှင်းများသည် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကျင့်ဝတ်များကို ထိန်းညှိခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများ ချမှတ်ထားသည်။

ဂျီနီဗာသဘောတူညီချက်များ၏ ဘုံအပိုဒ် ၃ အရ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအား အကာအကွယ်ပေးထားပြီး "ရန်လိုမှုများတွင် တက်ကြွစွာပါဝင်ခြင်းမရှိသူများ .... လူမျိုး၊ အသားအရောင်၊ ဘာသာရေး သို့မဟုတ် ယုံကြည်မှု၊ လိင်၊ မွေးရာပါ သို့မဟုတ် ကြွယ်ဝချမ်းသာမှု သို့မဟုတ် အခြားအလားတူ စံနှုန်းများအပေါ် အခြေခံ၍ ဆိုးရွားသော ခွဲခြားခြင်းမရှိဘဲ အခြေအနေအရပ်ရပ်တွင် လူသားဆန်စွာ ဆက်ဆံရမည်။"

စစ်ဥပဒေများအရ AA နှင့် မြန်မာစစ်ကောင်စီတို့သည် အရပ်သားများနှင့် အရပ်သားတို့၏ပစ္စည်းများ (စစ်တပ်အတွက် အသုံးပြုခြင်းမဟုတ်သော အိမ်များနှင့် ဆေးရုံများကဲ့သို့) နှင့် တစ်နည်းအားဖြင့် တိုက်ခိုက်ရေးသမားများနှင့် "စစ်တပ်ရည်မှန်းချက်များ"ကို ခွဲခြားတတ်ရန်လိုအပ်ပါသည်။ စစ်ဥပဒေများသည် အရပ်သားများနှင့် အရပ်ဘက်အရာဝတ္ထုများကို ပစ်မှတ်ထားသည့် တိုက်ရိုက်တိုက်ခိုက်မှုများနှင့် ခွဲခြားသတ်မှတ်မှုမရှိဘဲ ရောထွေးကာ တိုက်ခိုက်မှုစသည့် နှစ်ခုလုံးကို အတိအလင်း တားမြစ်ထားသည်။ ချိုးဖောက်မှုများကို စစ်ရာဇဝတ်မှုအဖြစ် တရားစွဲနိုင်သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ် သို့မဟုတ် အရာဝတ္ထုများပျက်ဆီးမှုများသည် တိုက်ခိုက်မှုမှရရှိသော စစ်ရေးအရ အားသာချက်များနှင့် နှိုင်းယှဉ်ရာတွင်  ပိုမိုလွန်ကဲနေလျှင် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှု ၊ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် အရပ်ဘက်အရာဝတ္ထုများ ထိခိုက်ပျက်စီးစေမည့် ကျိုးကြောင်းဆီလျော်နေသည့်ဟု ယူဆရသည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို တားမြစ်ထားသည်။ ရရှိလာသော စစ်ရေးအသာစီးရရှိခြင်းသည် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ် သို့မဟုတ် အရာဝတ္ထုများ ပျက်စီးနိုင်ချေနှင့် အချိုးညီနေပါက၊ ပဋိပက္ခဖြစ်နေသော ပါတီများသည် အရပ်သားများအတွက် ၎င်းတို့အသုံးပြုသည့် စစ်ပွဲနည်းလမ်းများနှင့် စံနစ်၊လုပ်ထုံးလုပ်နည်းများအပါအဝင် အန္တရာယ်မှ ကာကွယ်ရန်အတွက် ကြိုတင်ကာကွယ်မှုတိုင်းကို လုပ်ဆောင်ရမည်ဖြစ်သည်။

သြဂုတ်လ ၅ ရက် တိုက်ခိုက်မှုတွင် ထွက်ပြေးလာကြသော ရိုဟင်ဂျာလူအုပ်စုတွေထဲက အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာ နှစ်ဦးနှင့် မျက်မြင် သက်သေများက RSO ၏ လက်နက်ကိုင်အဖွဲ့ဝင်များ သည် အရပ်သားများထဲတွင် ရှိနေကြောင်း ပြန်ပြောပြခဲ့ကြသည်။ မောင်တောမြို့ခံ ရိုဟင်ဂျာ တစ်ဦးက Fortify Rights သို့ ပြောကြားရာတွင် "သြဂုတ်လ ၅ ရက်နေ့က ပစ်ခတ်ခဲ့တဲ့ ဗုံးကြီးတွေက AA ဘက်ကပါ။ ကျွန်တော်မြင်ရသလောက်တော့ RSO အဖွဲ့ဝင်တွေက ကျွန်တော်တို့ထက် အရင်ထွက်ပြေးဖို့ ကြိုးစားနေတာကြောင့် သူတို့ဒရုန်းတွေ လွှတ်လိုက်တာ။ RSO အဖွဲ့ဝင်တွေလည်း [ထွက်ပြေးနေတဲ့] လူအုပ်ထဲမှာ ပါနေပါတယ်။"

"အစုလိုက်ထွက်ပြေးလာတဲ့အထဲမှာ RSO အဖွဲ့ဝင် ၁၀၀ လောက် အနည်းဆုံးပါတာကို ကျွန်တော်တွေ့ခဲ့တယ်" ဟု အဆိုပါ အမျိုးသားက ပြောသည်။ "အဲဒီတုန်းက သူတို့လည်း ကျွန်တော်တို့နဲ့အတူ ထွက်ပြေးနေကြတာ။ သူတို့ [RSO] အားလုံးမှာ သေနတ်တွေပါတယ်။"

ထွက်ပြေးလာသည့် အရပ်သားများကြားတွင် RSO တိုက်ခိုက်ရေးသမားများ ပါရှိနေခြင်းသည် AA အဖွဲ့၏ အရပ်သားများအား အစုလိုက်တိုက်ခိုက်မှုအား ဆင်ခြေပေးအကြောင်းပြ၍မရကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။

ထို့အပြင်၊ ဂျီနီဗာကွန်ဗင်းရှင်းများ၏ ဘုံအပိုဒ် ၃ တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အတိအလင်းဖော်ပြထားခြင်းမရှိသော်လည်း၊ ရက်စက်ကြမ်းကြုတ်စွာပြုမူခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် "မိမိကိုယ်ပိုင်ဂုဏ်သိက္ခာကို စော်ကားခြင်း" အပါအဝင် "လူ့အသက်နှင့်လူကိုယ်တိုင်အား အကြမ်းဖက်မှု" ကို တားမြစ်ထားသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရောမဥပဒေတွင် "မုဒိမ်းမှု၊ လိင်ကျွန်ပြုမှု၊ အတင်းအဓမ္မ ပြည့်တန်ဆာပြုစေမှု၊ အတင်းအကြပ်ကိုယ်ဝန်ဆောင်စေမှု၊ အတင်းအကြပ် သားကြောဖြတ်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နှိုင်းယှဉ်ပြနိုင်သော အခြားကြီးလေးမှုများ" အပါအဝင်စသည်တို့ကို

ဖော်ပြထားသည်။.

ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ်ပြန်ပို့ခြင်းအပြင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်သော လုပ်ရပ်များ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် စီရင်ပိုင်ခွင့်အာဏာကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ICC မှ တရားလိုပြရှေ့နေချုပ်အား ခွင့်ပြုခဲ့သည်။ တရားရုံး၏စီရင်ပိုင်ခွင့်အာဏာသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုမှ အစပြုခဲ့သော်လည်း၊ ၎င်း၏တရားစီရင်ပိုင်ခွင့်မှာ အကန့်အသတ်မရှိဖြစ်ပြီး ၎င်း၏ စုံစမ်းစစ်ဆေးမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာများကို အတင်းအကျပ်ပြန်ပို့ခြင်းတွင် တာဝန်ရှိသည်ဟု ယူဆရသည့် လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်ကို အာရုံစိုက်နိုင်မည်ဖြစ်သည်။

*ICC ရှေ့နေချုပ်သည် ရိုဟင်ဂျာအရပ်သားများအပေါ် AA ၏တိုက်ခိုက်မှုများကို ဆက်လက်စုံစမ်းစစ်ဆေးခြင်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းသင့်သည်ဟု Fortify Rights မှ ပြောကြားခဲ့သည်။*

*"ရိုဟင်ဂျာတွေကို လူမျိုးတုံးသတ်ဖြတ်မှုဖြစ်စေသော အရေးယူမှုမရှိဘဲအပြစ်ကင်းလွတ်ခွင့်ရနေသည့် ထပ်တူညီတဲ့အလေ့အကျင့်တွေက အခု AA ရဲ့ အရပ်သားတွေကို အသက်သေသည်အထိ တိုက်ခိုက်နေမှုတွေကို ကူညီပေးရာရောက်နေပါတယ်"* ဟု Matthew Smith က ပြောကြားခဲ့သည်။ *"ဒီတိုက်ခိုက်မှုဟာ ရိုဟင်ဂျာ အရပ်သားတွေကြား ကြောက်လန့်အောင်စေ့ဆော်ပေးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နောက်ထပ် နိုင်ငံဖြတ်ကျော်ထွက်ပြေးစေမယ့် လက္ခဏာတစ်ခုအဖြစ် ပါဝင်နေပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတစ်ခုအနေနဲ့ အပြည့်အဝ စုံစမ်းစစ်ဆေးဖို့ ထိုက်သင့်ပါတယ်။"*